Health Digest
ကျန်းမာရေးနှင့် ဆေးပညာဂျာနယ်
JOURNAL

Health Digest, 11 May 2005

ဒီလိုမြင်ကြတယ်

# ကျန်းမာရေးဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်



## ဒေါက်တာကျော်သင်း

**လက်ထောက်စီမံချက်အရာရှိ**
**UNICEF (မြန်မာ)**

**UNICEF** မှ ဆောင်ရွက်လျက်ရှိတဲ့ကျန်းမာရေးနဲ့ပတ်သက်တဲ့လုပ်ငန်းတွေကတော့အစားအစာနှင့်အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊ ကာကွယ်ဆေးထိုးလုပ်ငန်း၊အမျိုးသမီးနှင့်ကလေးကျန်းမာရေးဖွံ့ဖြိုးရေးစီမံချက်၊ **HIV/AIDS** ကာကွယ်တားဆီးရေးလုပ်ငန်းဆိုပြီးအဓိကလုပ်ငန်း(၄)ခုရှိပါတယ်။အာဟာရလုပ်ငန်းကတော့ အများကြီးရှိပါတယ်။ ကလေးတွေ အသက်အရွယ်အလိုက်ရှိရမယ့်ကိုယ်အလေးချိန်ရရှိစေရန်ဆောင်ရွက်နေပါတယ်။ဗီတာမင်အေချို့တဲ့မှုကာကွယ်ရေးအတွက်ဗီတာမင်အေပါဝင်ဆေးများတိုက်ကျွေးခြင်း၊အမျိုးသမီးများသွေးအားနည်းရောဂါကာကွယ်ရေးအတွက်သံဓာတ်ပါဝင်တဲ့ဆေးပြားတိုက်ကျွေးခြင်း၊ အိုင်အိုဒင်းချို့တဲ့ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးပါတယ်။ ပြီးတော့ ဘေးကင်းစိတ်ချရသောမွေးဖွားမှုရရှိရေးမွေးကင်းစကလေးပြုစုစောင့်ရှောက်ရေးအဖြစ်များသောကလေးရောဂါများအသက်

စာမျက်နှာ( ၁၈ )သို့



## ဒေါက်တာစောလွင်

**မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး**
**ကော့မှူးမြို့နယ်**

ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်လာခဲ့တာ(၁၇)နှစ်ရှိပါပြီ။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတာဝန်ကိုပထမဦးစွာမကွေးတိုင်းထီးလင်းမြို့နယ်မှာ (၃)နှစ်ထမ်းဆောင်ခဲ့ပြီး၊ယခုကော့မှူးမြို့နယ်၊ကျန်းမာရေးဦးစီးဌာနမှူးတာဝန်ကို ၂၀၀၃ ခုနှစ်၊မေလကစပြီးတာဝန်ထမ်း ဆောင်ခဲ့ပါတယ်။ ကော့မှူးမြို့နယ်အတွင်းမှာ လူဦးရေ(၁၃၆,၆၁၈)ဦးရှိပြီး၊ (၅)နှစ်အောက် ကလေး(၂၀,၃၅၈)ဦး၊ အသက်(၁၅)နှစ်မှ(၄၅)နှစ်အတွင်း အမျိုးသမီး(၃၁,၆၃၇)ဦးရှိပါတယ်။ ကျေးရွာစုစုပေါင်း(၁၂၉)ရှိပြီး၊ ကျေးလက်မှာနေတဲ့လူဦးရေက(၁၂၆,၇၆၃)ရှိပါတယ်။ (၁၆)ခုတင်ဆံ့မြို့နယ်ဆေးရုံတစ်ခု၊ တိုက်နယ်ဆေးရုံ(၂)ခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၄)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၂၁)ခုရှိပါတယ်။ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ထောက်ပံ့မှုနဲ့ဦးစားပေး

စာမျက်နှာ( ၁၉ )သို့



## ဦးအောင်တိုး

**လက်ထောက်ကျန်းမာရေးမှူး**
**ကျေးလက်ကျန်းမာရေးဌာနကော့မှူးမြို့နယ်**

လက်ထောက်ကျန်းမာရေးမှူးသင်တန်းပြီးခဲ့တာ (၁၂)နှစ်ရှိပါပြီ။ နတ်စင်ကုန်းကျေးရွာကျေးလက်ကျန်းမာရေးဌာနမှာ တာဝန်ထမ်းဆောင်တာကတော့ (၆)နှစ်ရှိပါပြီ။ နတ်စင်ကုန်းကျေးလက်ကျန်းမာရေးဌာနဟာ ကော့မှူးမြို့နယ်မှ(၄)မိုင်ကွာခန့် ကွာဝေးပါတယ်။ ၁၉၇၅ ခုနှစ်မှာစတင်ဖွင့်လှစ်ခဲ့ပါတယ်။ကျွန်တော်အပါအဝင် အမျိုးသမီးကျန်းမာရေးဆရာမတစ်ယောက်၊ သားဖွားဆရာမငါးယောက်၊ကြီးကြပ်ရေးအဆင့်(၂)တစ်ယောက်ရှိပါတယ်။ ကျေးရွာအုပ်စု (၁၁)ခု၊ ကျေးရွာပေါင်း (၂၇)ရွာရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ (၄)ခုရှိပါတယ်။ နတ်စင်ကုန်းကျေးရွာကျန်းမာရေးဌာနပိုင်နယ်မြေထဲမှာ လူဦးရေ(၂၃,၈၄၉) ရှိပါတယ်။ (၅)နှစ်အောက်ကလေး(၃,၀၁၅)နဲ့ အသက်(၁၅)နှစ်မှ(၄၅)နှစ်အတွင်းရှိအမျိုးသမီး(၆,၀၉၂)ရှိပါတယ်။ ပြည်သူ့အခြေပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပါဝင်ကူညီ

စာမျက်နှာ( ၆ )သို့



## Jason M. Rush

**ဆက်သွယ်ရေးအရာရှိ ပြန်ကြားရေးနှင့်**
**ဆက်သွယ်ရေးဌာန UNICEF(မြန်မာ)**

ယခုလို ကော့မှူးမြို့နယ်ကိုလာရောက်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ လေ့လာလို့ရအောင် လေ့လာရေးခရီးစဉ်ကို ပြုလုပ်ရခြင်းရဲ့အကြောင်းရင်းကတော့ပထမအချက်အနေနဲ့ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များကို သာမန်အားဖြင့် သူတို့ဘာသာသူတို့ လာရောက်ပြီးလေ့လာကြည့်ရှုခွင့်ရဖို့မလွယ်တဲ့ အခွင့်အရေးကို ရရှိစေချင်လို့ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မျှော်လင့်တာကပြည်သူလူထုအတွင်းကျန်းမာရေးနဲ့ ပတ်သက်တဲ့ဆောင်ရွက်မှုတွေ သိရှိသွားအောင်ကျန်းမာရေးအသိပညာများကို ဖြန့်ဝေပေးတဲ့နေရာမှာ စာနယ်ဇင်းမီဒီယာများရဲ့ အခန်းကဏ္ဍဟာ သိပ်အရေးကြီးတဲ့အတွက်လည်းဖြစ်ပါတယ်။ မြို့ပြရဲ့ အပြင်ဘက်မှာရှိတဲ့ ကျေးလက်တောရွာတွေမှာ **UNICEF** က ဆောင်ရွက်ပေးလျက်ရှိတဲ့ ကလေးများနဲ့မိသားစုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအကြောင်းကို စာနယ်ဇင်း

စာမျက်နှာ( ၂၀ )သို့

## Jason M. Rush . . မှ

သမားများသိရှိလေ့လာနိုင်ရန်ဖြစ်ပါတယ်။ ဒီနေ့ဆိုရင် စာနယ်ဇင်းသမားများကိုယ်တိုင်ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများနဲ့ ပြည်သူလူထုအတွင်းမှာရှိတဲ့မိခင်များ၊ ကလေးများကိုလည်းကောင်း၊ စေတနာ့ဝန်ထမ်းဆောင်ရွက်ပေးလျက်ရှိကြတဲ့ ယူနီဆက်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းလေ့ကျင့်ပေးကာသော ဆက်သွယ်ရေးမှူးလူငယ်၊ လူရွယ်များကိုလည်းကောင်း တွေ့ဆုံပြီး လေ့လာမေးမြန်းခွင့်ရခဲ့ကြပါတယ်။ လူငယ်၊ လူရွယ်များ၊ ကျေးရွာမှာရှိတဲ့ အမျိုးသား၊ အမျိုးသမီး လူငယ်အများစုမှာ မျိုးဆက်ပွားကျန်းမာရေး၊ အကာအကွယ်မဲ့လိင်ဆက်ဆံမှုကြောင့်ရနိုင်သောကျန်းမာရေးပြဿနာများစတဲ့ကျန်းမာရေးဗဟုသုတနည်းပါးနေသေးတဲ့အတွက် သူတို့ကို ကျန်းမာရေးအသိပညာများရရှိနိုင်ရန်စီမံချက်များသင်တန်းများပေးပြီး ကျန်းမာရေးနှင့်ညီညွတ်သောလူနေမှုပုံစံများရရှိအောင်လုပ်ပေးခဲ့ပါတယ်။ ကလေးငယ်များအာဟာရဓာတ်ပြည့်ဝအောင်ဘယ်လိုကျွေးမွေးပြုစုရမယ်ဆိုတာတွေကိုလည်း ဆွေးနွေးပေးခဲ့ကြပါတယ်။ ဒီဒေသမှာ (၃)နှစ်အောက်ကလေးများရဲ့သုံးပုံတစ်ပုံဟာအာဟာရဓာတ်လုံလောက်မှုမရှိဘဲဖြစ်နေပါတယ်။ အကြောင်းမှာမိခင်များနှင့်ကလေးများကိုပြုစုသူများဟာ ကလေးများကိုအာဟာရဓာတ်ပြည့်ဝအောင်ဘယ်လိုကျွေးရမယ်ဆိုတဲ့ကျန်းမာရေးဗဟုသုတနည်းပါးနေသေးကြောင်းတွေ့ခဲ့ရပါတယ်။ ဒါ့အပြင် သန်ကောင်ရောဂါစွဲကပ်ခြင်းကြောင့်ကလေးများအာဟာရမပြည့်ဝဘဲဖြစ်ကြရတာကိုလည်းတွေ့ရပြီးအဲဒီလိုသန်ကောင်ရောဂါမစွဲကပ်အောင် ပြုစုစောင့်ရှောက်တဲ့ကျန်းမာရေးဗဟုသုတရရှိအောင်ပြုလုပ်ပေးခဲ့ပါတယ်။ ကလေးများအတွက်ပထမဆုံး(၃)နှစ်ဟာသူ့ရဲ့အနာဂတ်ဘဝတစ်လျှောက်လုံးကျန်းမာရေးအတွက် အရေးအကြီးဆုံးအချိန်ကာလ ဖြစ်ပါတယ်။ ကလေးများကျန်းမာရေးအတွက် မိခင်များနှင့်ပြုစုစောင့်ရှောက်သူများအနေနဲ့ ရိုးရှင်းလွယ်ကူသောအမူအကျင့်များကိုပြောင်းလဲလိုက်နာကျင့်သုံးစေခြင်းအားဖြင့်ကလေးများကျန်းမာရေးတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်တယ်ဆိုတာ မိသားစုများပြည်သူများသိရှိလာအောင် မီဒီယာစာနယ်ဇင်းသမားများမှ တစ်ဆင့်ပြုလုပ်ပေးနိုင်ပါတယ်။ ယူနီဆက်အနေနဲ့ ဌာနချုပ်မှာပင်နေပြီး၊ ဘာတွေလုပ်နေတယ်ဆိုတာပြောဆိုနေရုံမဟုတ်ဘဲ၊ ယခုလိုအချိန်ပေးကာစာနယ်ဇင်းသမားများကိုခေါ်ပြီးလက်တွေ့ပြသနိုင်တဲ့အခွင့်အရေးကိုယူခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်ဆက်သွယ်ရေးအရာရှိအနေနဲ့ယူနီဆက်(မြန်မာ)ရောက်လာတာ ပြီးခဲ့တဲ့နှစ်ဩဂုတ်လမှာပါ။ ကလေးသူငယ်များနှင့်မိသားစုများ၊ကျန်းမာရေးတိုးတက်မှုအတွက် ကျန်းမာရေးအသိပညာများ ဖြန့်ဝေရာမှာမီဒီယာစာနယ်ဇင်းများက အလွန်အရေးပါတဲ့ အခန်းကဏ္ဍမှာပါဝင်တယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်နဲ့ စာနယ်ဇင်းများအတွက် တံခါးဖွင့် ကြိုဆိုလျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်းရှိစာနယ်ဇင်းသမားများအတွက် လေ့ကျင့်သင်တန်းပေးမှုကိုလည်းယူနီဆက်က လုပ်ပေးခဲ့ပါတယ်။ အထူးသဖြင့် လူငယ်၊ လူရွယ် စာနယ်ဇင်းသမားများကို လေ့ကျင့်သင်တန်းပေးမှုလုပ်ပေးခဲ့ပါတယ်။ ယူနီဆက်အနေနဲ့ မြန်မာနိုင်ငံမှာကျန်းမာရေး၊ပညာရေး၊ရေကောင်းရေသန့်ရရှိရေး၊ အာဟာရဓာတ်ဖွံ့ဖြိုးရေး၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ၊မိခင်နှင့်ကလေးကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ **HIV/AIDS** ကာကွယ်တားဆီးရေးလုပ်ငန်းများအစရှိတဲ့လုပ်ငန်းတွေမှာ ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ( ၅ ) သန်းမှ (၆)သန်းလောက်၊ ဒီနှစ်မှာ မြန်မာနိုင်ငံအတွက် သုံးစွဲပေးခဲ့ပါတယ်။

---

## မအေးသန်း . . မှ

ကာကွယ်ဆေးထိုးမယ့်ရက်မတိုင်မီ ရပ်ရွာထဲမှာ နှိုးဆော်ပေးပါတယ်။ (၁၅)နှစ်မှ (၄၅)နှစ်အတွင်းရှိ ကိုယ်ဝန်ဆောင်နိုင်တဲ့အရွယ်အမျိုးသမီးအားလုံးကိုမေးခိုင်ကာကွယ်ဆေးထိုးပေးဖို့တိုက်တွန်းပြီး စုရပ်ကိုခေါ်ဆောင်ပေးပါတယ်။ ကျွန်မက အရင်တုန်းကဝန်ထမ်းလုပ်ဖူးပါတယ်။ အခုတော့ အလုပ်ထွက်လိုက်တာကြာပါပြီ။ တောအလုပ်ပဲကောက်စိုက်ပါတယ်။ ခင်ပွန်းဖြစ်သူက လောလောဆယ်သင်္ကန်းဝတ်နေပါတယ်။ သားသမီး(၄)ယောက်ရှိပါတယ်။ ယခုလုပ်တဲ့ လူထုဆက်သွယ်ရေးမှူးအလုပ်ကစေတနာ့ဝန်ထမ်းအလုပ်ဖြစ်ပါတယ်။ ငွေကြေးမရပေမယ့်၊ ယခင်ကတည်းကအလှူအတန်းတွေကို ကူညီဝိုင်းဝန်းလုပ်ပေးခဲ့ပါတယ်။ ကျွန်မကမြန်မာ၊ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပါတယ်။ ကံနဲ့ကံရဲ့အကျိုးကိုကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်လို့ယုံကြည်တဲ့အတွက်ကြောင့်လူထုဆက်သွယ်ရေးမှူးအလုပ်ကိုလုပ်ခြင်းဖြစ်ပါတယ်။